# နအဖ သင်ရိုးညွှန်းတမ်း အန္တရာယ်

ဒီဆောင်းပါးက နအဖ အပေါ် အကောင်းမြင်နဲ့ကြည့်ခြင်းမဟုတ်သလို အဆိုးမြင်နဲ့လည်း ချဉ်းကပ်ခြင်းမဟုတ်ပါ။ ဝေဖန်တာလည်းမဟုတ်ပါ။

စစ်ပွဲတွေ …
အာဃာတတွေ …
လူမျိုးရေးမုန်းတီးမှုတွေ …..
အန္တရာယ်အငွေ့အသက်တွေ….. ….

မကောင်းတဲ့ အနံ့ အသက်တွေ ရနေတဲ့အတွက် သတိပေးတဲ့အနေနဲ့ ဒီစာကိုရေးပါတယ်။
ဒါကြောင့် ခေါင်းစဉ်ကိုလည်း "နအဖ သင်ရိုးညွှန်းတမ်း အန္တရာယ်" လို့ တပ်ပါတယ်။

(သားဆွေ)

---

ယနေ့ခေတ် Exile ဘဝနဲ့ ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှာ နေခဲ့ရတုန်းက ခေတ်ကာလမတူဘူးဆိုတဲ့အကြောင်း *"နိုင်ငံသားတယောက်ရဲ့အမြင်"* မှာ ကျနော်တင်ပြခဲ့ဖူးပါသည်။ ဒီနေ့ခေတ်က Exile ရောက်နေတဲ့ လူဦးရေ သိပ်များသလို ရောက်နေကြတဲ့ နိုင်ငံတွေက စုံသည်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနိုင်ငံကနေ အရှေ့ အနောက်ဥရောပတခွင်၊ ကနေဒါ နဲ့ တောင်-မြောက် အမေရိကားတိုက်ပေါ်မှာပါ မြန်မာတွေ ရောက်နေတဲ့ ခေတ်ဖြစ်သည်။

ကိုယ်ရောက်ရှိနေတဲ့ ဒေသမှာ ရှိတဲ့ လူအစုအဝေးနဲ့ တူရာတူရာစုဖွဲ့မိကြသည်။ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ပွဲလမ်းသဘင်တွေ အထိမ်းအမှတ်ပွဲတွေ လုပ်ဖြစ်ကြသည်။ အသိုင်းအဝိုင်းကြီးရင် ကြီးသလောက် လုပ်နိုင်ကိုင်နိုင်ကြသည်။ လူဦးရေများလာတာနဲ့အမျှ ကလေးသူငယ် အရေအတွက်လည်း ပိုလာတော့ ကလေးတွေအတွက် ပညာရေးဆိုတာ ခေါင်းထဲထည့်စဉ်းစားလာကြရသည်။

ထိုင်းမြန်မာနယ်စပ်က မဲဆောက်မှာဆို မြန်မာစာသင်ကျောင်းတွေ များလာပြီ။ မူလတန်းအဆင့်ကနေ အထက်တန်းအဆင့်ထိ သင်ကြားပေးနေကြသည်။ ကျနော် နေခဲ့ဖူးသည့် မနီလွိုင် ဒုက္ခသည်စခန်းမှာလည်း အရှက်ဦးကျောင်းကလေး ရှိခဲ့ဖူးသည်။ ဆရာကျောင်းတို့ ကျောင်းဆရာကိုပြုံးတို့ကို အမှတ်ရနေမိသေးသည်။ ကျနော် ဒုက္ခသည်အဖြစ်(လတ်တလော)နေထိုင်နေသည့် ဖင်လန်နိုင်ငံတွင်လည်း မြန်မာစာသင်ကျောင်းရှိသည်။ အနီးနားက ဒိန်းမတ်နိုင်ငံမှာလည်း မြန်မာစာသင်ကျောင်းရှိသည်။ ကိုအောင်ခင်မြင့်တို့ ကိုချိုငြိမ်းတို့ လုပ်ကိုင် နေကြသည်။ အမေရိကားဘက်တွင်လည်း ရှိမည်။ နော်ဝေတွေလည်း ရှိမည်။

ကျောင်းတွေဘာဖြစ်လို့ထူထောင်ထားသလဲ ဆိုတဲ့မေးခွန်းကို ကျနော်တို့ တကူးတကဖုံးတွေဆက်ပြီး မေးနေစရာလိုမည်မထင်။…..ကလေးတွေ မြန်မာစာတတ်မြောက်ဖို့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကိုလေ့လာ တီးခေါက်မိစေဖို့၊ မြန်မာကလေးငယ်အချင်းချင်း ရင်းနီးချစ်ခင်စေဖို့ …. ဒီအဖြေကိုပဲ စကားလုံး မျိုးစုံသုံးပြီး ဖြေကြလိမ့်မည်။ ကျောင်းတွေမှာ မြန်မာတိုင်းရင်းသားမျိုးစုံရှိသည်။ မွန်ရှိသည်၊ကရင်ရှိသည်၊ ကယားရှိသည်၊ ရခိုင်ရှိသည်၊ ထားဝယ်ရှိသည်။ နာဂနှင့် ပဒေါင်လည်ပင်းရှည်ကြီးတွေလည်း ရှိချင်ရှိမည်။ မြန်မာနိုင်ငံဆိုတာ တိုင်းရင်းသားလူမျိုးတွေ စုစည်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်သည်။ တိုင်းရင်းသားတွေမှာ ကိုယ်ပိုင်ဟန်၊ကိုယ်ပိုင်ဓလေ့ထုံးစံ နှင့် ကိုယ်ပိုင်ဘာသာစကား ရှိကြသည်။

ဖင်လန်နိုင်ငံမှာ တရားဝင် ဘာသာစကား ၂ မျိုး အသုံးပြုသည်။ ဖင်လန် ဘာသာ စကားနှင့်ဆွီဒင်ဘာသာစကား။ ကုန်းတွင်းပိုင်း ဒေသမှာနေထိုင်သူတွေက ဖင်လန်စကားအသုံးပြုကြပြီး ဖင်လန် နိုင်ငံတောင်ပိုင်း ကျွန်းစုဒေသတွေနှင့် ကမ်းရိုးတန်းဒေသတွေက ဆွီဒင်ဘာသာစကား အသုံးများကြသည်။ တနိုင်ငံလုံး အတိုင်းအတာအရ အခြေခံပညာရေးစနစ် သင်ရိုးလမ်းညွှန်တွင် ဆွီဒင်ဘာသာစကားကို မသင်မနေရ ပြဌာန်းပေးထားသည်။ ပြည်ပနိုင်ငံတွင် ရောက်ရှိနေထိုင်နေသည့် ဖင်လန်လူမျိုး စာသင်သား ၅ ယောက် ပြည့်ပါက စာသင်ကျောင်းအဖြစ် သတ်မှတ်နိုင်ပြီး ဖင်လန်နိုင်ငံအစိုးရထံမှ အကူအညီကိုတောင်းခံရယူနိုင်ကြောင်း ဥပဒေအရ ပြဌာန်းပေးထားသည်။ အစိုးရထံမှ သင်ရိုးညွှန်းတမ်းစာအုပ်များ တောင်းခံရယူနိုင်သည်။

ကျနော် ပညာရေး သုတေသီမဟုတ်သလို ပညာရေးဝန်ထမ်းတယောက်လည်းမဟုတ်ပါ။ ငယ်စဉ်ကလေးဘဝကနေစပြီး သူလိုကိုယ်လို ကျောင်းတခုမှာ မူလတန်းကစလို့ အထက်တန်းအောင်တဲ့အထိ ပညာသင်ခဲ့ဖူးသူတယောက်သာဖြစ်ပါသည်။ မျိုးရိုးထဲတွင်တော့ ပညာရေးနှင့်ပတ်သက်သူများရှိသည်။ မျိုးရိုးထဲက ဘိုးအေကြီး ဖြစ်သူ ကျနော့်အဖိုးလေး ဆိုလျှင် မဆလခေတ် ပညာရေးဌာနမှာ ဝန်ကြီးတော့ မဟုတ်။ ပြည်နယ်ပညာရေးမှူး တိုင်းပညာရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ဦးလေးအငယ်တယောက်ကဘီးအီးဒီအောင်ပြီး ကျောင်းဆရာလုပ်နေခဲ့သည်။ ဒါတွေက အခုမှ ပြောဖြစ်တာဖြစ်သည်။ ငယ်စဉ်က ကျနော်ဘယ်သူ့မှ မပြောခဲ့။ အခုတော့ နည်းနည်း ငယ်မူပြန်ချင်လာသည်။ စာဖတ်သူများခွင့်ပြုမယ်ထင်လို့ ငယ်စဉ်ကအဖြစ်အပျက်တခု တင်ပြချင်ပါသည်။

ကျနော်နေခဲ့သည့်ကျောင်းမှာ ကျနော့်ကို ကျနော့်အဖိုးလေးနဲ့ ဆက်စပ်ပြီး သိရှိသူ အလွန်အင်မတန်ရှားသည်။ ဆရာမ ဒေါ်.... တယောက်သာ အရင်ဆုံးသိခဲ့သည်။ ဆရာမက နယ်မှာတုံးက သူတ့ာပည့်အရင်း။ တာဝန်နဲ့ ရန်ကုန်က ကျနော်နေတဲ့ ကျောင်းကို ပြောင်းလာလို့ အဖိုးလေးဆီ အိမ်လည်လာရင်း ကျနော့်ကိုတွေ့ပြီး သိသွားခဲ့တာဖြစ်သည်။ အဲဒီတုန်းက ကျနော့် အဖိုးလေးက မြို့နယ်ပညာရေးမှူး။ တရက်မှာတော့ ကျနော်နေတဲ့ကျောင်းကိုအဖိုးလေး စစ်ဆေးရေးရောက်လာသည်။ ကျနော့်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်....... ရုံးခန်း အခေါ်လွှတ်ခိုင်းပြီး လက်ပိုက်ခိုင်း စာဆိုခိုင်းတော့မှ ဆရာဆရာမ အနည်းငယ်သိသွားကြသည်။ အဲဒီတုန်းက အဖိုးလေးလုပ်ရပ်ကို ကျနော် နားမလည်ခဲ့။ ကျောသားရင်သားမခွဲခြားကြဖို့ ဆရာ ဆရာမတွေကို လက်တွေ့ ဆုံးမ သင်ကြားပြသ သွားတာဖြစ်သည်။ နောက်တော့ အဖိုးလေး ရာထူးတက်ပြီး နယ်ပြောင်း သွားရသည်။ ပြည်နယ်ပညာရေးမှူးဖြစ်လာသည်။ နောက် တိုင်းပညာရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်သည်။ ၈၈ လူထုအုံကြွမှုကြီး ဖြစ်ပြီးနောက်ပိုင်း ဗိုလ်ချုပ်ခင်ညွှန့် ပညာရေးကော်မတီ ဥက္ကဌလုပ်သည်။ နဝတ စစ်ကောင်စီက အဖိုးလေးတို့ပညာရေးဝန်ထမ်းတွေကို ခေါ်ယူတွေ့ဆုံသည်။ ရေပူးပေါက်တာမလိုချင်ဘူး ရေပါတာပဲလိုချင်တယ် ပြောပြီး ဆူပူ အော်ငေါက်ကြိမ်းမောင်းသည်။ ဟိန်းဟောက်ခြိမ်းခြောက်သည်။ အဲဒီမှာတင် အဖိုးလေး စိတ်အပျက်ကြီးပျက်သွားကာ ပင်စင်တင်လိုက်ပြီးမြန်မာနိုင်ငံပညာရေးလောကကို ကျောခိုင်းထွက်ခွာသွားလေတော့သတည်းပေါ့။ ပညာရေးအကြောင်း နားလည်တတ်ကျွမ်းသူတွေကို ပညာရေးအကြောင်း တလုံးမှ မသိနားမလည်တဲ့ စစ်ဗိုလ်ချုပ်တွေက အမိန့်တွေပေး အာဏာတွေသုံးပြီး မဟုတ်တာတွေလုပ်ခိုင်းနေတာ အဖိုးလေး မလုပ်နိုင်တော့တာဖြစ်မည်ထင်ပါသည်။

နိုင်ငံတနိုင်ငံ၏ ပညာရေးစနစ်ဆိုတာ အဲဒီနိုင်ငံကကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ပေါ်မှာမူတည်ပါသည်။ ကျင့်သုံးတဲ့နိုင်ငံရေးစနစ်ပေါ်မူတည်ပြီး ပညာရေးစနစ်လည်းကွာခြားသည်။ ကိုလိုနီခေတ် မြန်မာနိုင်ငံ မှာ ကိုလိုနီစနစ်ကိုအလုပ်အကျွေးပြုဖို့ရည်ရွယ်သည့် ကိုလိုနီ ကျွန်ပညာရေးစနစ် ကျင့်သုံးခဲ့ဖူးသည်။ အမေရိကန် ပြည်ထောင်စု နဲ့ ဖင်လန်နိုင်ငံတွေမှာ ဒီမိုကရေစီပညာရေးကိုကျင့်သုံးပြီး ပညာရေးဒီမိုကရေစီကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့အသုံးပြုသည်။ ဒီမိုကရေစီပညာရေးစနစ်ဖြစ်တဲ့အတွက် အစိုးရကပညာရေးစနစ်တခုလုံးကို ဥပဒေနဲ့အာမခံချက် ပေးထားပြီး ပညာရေးဒီမိုကရေစီရှိသည့်အတွက် သင်ရိုးညွှန်းတမ်းတွေကိုလည်း လွပ်လပ်စွာ ပြဌာန်းသင်ကြား စေသည်။ ခေတ်နဲ့လျော်ညီသည့် ခေတ်မီအကြောင်းအရာတွေ လေ့လာတွေ့ရှိချက်အသစ်တွေ၊ တီထွင်ဆန်းသစ်မှုအကြောင်းတွေကို သူ့အရွယ်နဲ့သူ သူ့အတန်းနဲ့သူ လိုက်ဖက်ညီအောင်ရေးသားပြီး သင်ရိုးညွှန်းတမ်းအဖြစ် ပြဌာန်းသင်ကြားကြသည်။

ယနေ့မြန်မာနိုင်ငံမှာရော…။မြန်မာနိုင်ငံမှာက နအဖစစ်ကောင်စီ ညွှန်းကြားချက်အတိုင်း ပညာရေးစနစ် က လိုက်ပါ ကျင့်သုံးနေရသည်။ ဗိုလ်ချုပ်ကြီးများ စိတ်ကူးတည့်ရာ ခါတ်ကျရာအကြောင်းအရာကို သင်ရိုးညွှန်းတမ်းလုပ်ပြီး သင်ကြားပေးနေရသည်။ မဆလ ခေတ် ပညာရေးစနစ်ကို မြေစမ်းခရမ်းပျိုးပညာရေးစနစ် အဖြစ် ဝေဖန်ခဲ့ကြသည်။ အခုတမျိုးပြောင်းလိုက် တော်ကြာပြန်ပေါင်းလိုက် တအောင့်နေ ပြန်ခွဲလိုက်နှင့် စမ်းတဝါးဝါးဖြစ်နေတဲ့ ပညာရေး စနစ် မို့ ပြောခဲ့ကြတာဖြစ်မည်။ အယောင်ဆောင် ဆိုရှယ်လစ်မို့လို့ ဆိုရှယ်လစ်မှုတွေနှင့် ပညာရေးကို ထိမ်းညှိထား ရသည်။ ဒါတောင်မှ သင်ရိုးညွှန်းတမ်းစာအုပ်များတွင် ဗိုလ်နေဝင်း ဒေါသတွေပါနေသေးသည်။ ပါလီမန်ခေတ် မကောင်းကြောင်းတွေ၊ PRP လို့ခေါ်တဲ့ ပြည်သူ့အရေးတော်ပုံပါတီကောင်းကြောင်းတွေ၊ လမ်းစဉ်လူငယ် ရှေ့ဆောင် လူငယ်အကြောင်းတွေ သင်ရ လေ့လာရ လုပ်ဆောင်ရ ဖြစ်ခဲ့ဖူးသည်။ သို့သော် ယနေ့အခြေအနေလောက် မဆိုး သေး။ တဘက်က တိုင်းရင်းသားဒေသတွေမှာ အပြုတ်တိုက်ရေး လုပ်နေ ပေမယ့် ကျောင်းသုံးသင်ရိုးညွှန်းတမ်း စာအုပ်တွေမှာတော့ ပြည်ထောင်စုအကြောင်းတွေ တိုင်းရင်းသား စည်းလုံးညီညွတ်မှုတွေကို (ဟန်ပြလောက်တော့) သင်ပြ လုပ်ပြ ရှိခဲ့ဖူးသည်။ မဆလ ခေတ်က ပညာရေးစနစ်က ယနေ့ နအဖ ဗိုလ်ချုပ်တွေ ထင်ရာလုပ်နေတဲ့ ပညာရေးစနစ်ထက်တော့ အနည်းငယ် သာဦးမည် ထင်ပါသည်။

နအဖ စစ်ကောင်စီမှာ ဆိုရှယ်လစ်မှုလည်းမရှိ၊ ဒီမိုကရေစီမှုလည်းမရှိ။ ဘာဆိုဘာမှ မရှိ။ အာဏာတည်မြဲရေး ဖက်ဆစ်မှုသာ ရှိသည်။ နိုင်ငံရေးစနစ်က ဖက်ဆစ်ဆန်သည့် မှုဖြစ်သည့်အခါကျတော့ ပညာရေးစနစ်မှာလည်း ဖက်ဆစ် ဆန်လာသည်။ နအဖ စစ်ကောင်စီ အာဏာတက်သိမ်းတုန်းက တို့တာဝန်အရေးသုံးပါးကြေညာသည်။
နောက်တော့ နိုင်ငံရေးဦးတည်ချက် ၄ ရပ်တွေ၊ စီးပွားရေးဦးတည်ချက်တွေ လူမှုရေးဦးတည်ချက်တွေ လုပ်လာ သည်။ တရုတ်ပြည် တပ်နီတော် အကြပ် တပ်မှူး တပ်သားတွေက မော်စီတုန်း ၏ ၃/၈ လုပ်ဟန် ကို ဦးထိပ် ပန်ဆင် ရသည်။ အလွတ်ကျက်ရသည်။ မြန်မာပြည်က စစ်သားတိုင်း (ရာထူးတက်ချင်ရင်ပြောတာပါ။) အဆိုပါ နိုင်ငံရေး ဦးတည်ချက်တွေ ဘာညာတွေကို အော်ရသည်။ကျက်ရသည်။ သူတို့အော်နေတဲ့ ဒို့တာဝန်အရေး ၃ ပါး ရော၊ ပြည်သူ့သဘောထားတွေရော၊ နိုင်ငံရေးတွေ စီးပွားရေးတွေ လူမှုရေးဦးတည်ချက်တွေမှာရော ပါဝင်နေတဲ့ အချက် တွေကို ညီမျှခြင်းချကြည့်လိုက်။ တူနေတာ တွေ့ရမယ်။ အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲဖို့။ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ကြဖို့။ စိတ်ဓါတ်နဲ့အကျင့်စာရိတ္တမြင့်မားဖို့။ ဒါမျိုးတွေ။

လက်တွေ့မှာတော့ --- ကချင် ကယား ကရင် ချင်း မွန် မြန်မာ ရခိုင် ရှမ်း တိုင်းရင်းသား ညီအကို မောင်နှမ အချင်းချင်း စိတ်ဝမ်းကွဲအောင်၊ အမုန်းတွေ အာဃာတတွေကြီးထွားလာအောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို မပျက် ပျက်အောင် သင်ရိုးညွှန်းတမ်းစာအုပ်မှာကို တိတိ ကျကျရေးထားပြီး သင်ကြားခိုင်းနေတာတွေ့ရသည်။

<u>အောက်ပါ စာညွှန်းကိုကြည့်ပါ။</u> ယနေ့မြန်မာနိုင်ငံပညာရေးဌာနက ပြဌာန်းထား သည့် စတုတ္ထတန်း လူမှုရေးဘာသာ မြန်မာ့သမိုင်း အတွဲ(၂) ဖတ်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

လူမှုရေးဘာသာ
မြန်မာ့သမိုင်းအတွဲ (၂)
စတုတ္ထတန်း
GRADE 5

တရုတ်ပြည်တို့၏ အကူအညီဖြင့် ရှမ်းသောင်း ကျန်းသူမျိုးစုံလည်း ပေါ်ပေါက် လာခဲ့သည်။ ထို ရှမ်း၊ ကယား၊ ကရင်၊ မွန် သောင်းကျန်းသူများသည် ကူမင်တန်တရုတ်ဖြူတို့ထံမှ လက်နက်ခဲယမ်းများရရှိကြပြီး မြန်မာနိုင်ငံကို ပိုမိုဆန့်ကျင် နှောင့်ယှက်လာနိုင်ခဲ့သည်။ ၎င်းတို့ကို မြန်မာ့တပ်မတော်က အသက်၊ သွေး၊ ချွေး မြောက်မြားစွာဆုံးရှုံးခံ၍ တိုက်ထုတ်ခဲ့ရသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်
(ဒုတိယအကြိမ်ပုံနှိပ်သည်)

မြန်မာနိုင်ငံအတွက်မူ ထိုသောင်းကျန်းသူများကို နှိမ်နင်းနေရသဖြင့် နိုင်ငံတိုးတက်ရေးကို မဆောင်ရွက်နိုင်ဘဲ ဖွံ့ဖြိုးမှုနောက်ကျ နေခဲ့ရလေသည်။

ဒီစာကို သင်ကြားရတဲ့ ဗမာကလေးတယောက်အဖို့ အတော့်ကို သနားစရာကောင်းသည်။ သူ့ရဲ့ငယ်ရွယ်နုနယ်တဲ့ ဦးနှောက်မှာ

> "တိုင်းရင်းသားညီအကိုတွေအပေါ် ရန်သူလို့ထင်လာနိုင်သည်။ တိုင်းရင်းသားတွေသည် သက်သက်မဲ့ ဗလာချီ လက်နက်တွေရပြီး အားအားယားယား စစ်လာတိုက်နေသည်။ မြန်မာနိုင်ငံမှာ ဗမာတွေ သာနေသည်။ မွန်၊ ကရင်၊ ရှမ်းတွေဆိုသည်မှာ မြန်မာနိုင်ငံကိုဆန့်ကျင်နှောက်ယှက်နေသူ တွေဖြစ်သည်။ ထိုသူတွေကြောင့်မြန်မာနိုင်ငံမတိုးတက်တာဖြစ်သည်။" ဤသို့တွေးလာနိုင်သည်။

အဆိုပါ သင်ရိုးညွှန်းတမ်းရဲ့ သင်ကြားချက်အရ ဗမာကလေးရဲ့ အတွေးထဲမှာ "မဟာဗမာလူမျိုးကြီးစိတ်" ဝင်ရောက်သွားစေနိုင်သည်။ ဗမာမှဗမာ။ ဗမာသာလျှင်မြတ်သည်။ ဗမာသာလျှင်အုပ်ချုပ်ရမည်။ သားသားကြီးရင် စစ်သားကြီးလုပ်မည်။မွန်တွေကိုသတ်မည်။ရှမ်းတွေကိုတိုက်ထုတ်မည်။ နိုင်ငံတော်ကိုကာကွယ်မည်။ ဒါမျိုးတွေဖြစ်လာစေမည်။

မြန်မာနိုင်ငံက ဖင်လန်နိုင်ငံလို ရုံးသုံးဘာသာစကား နှစ်မျိုး မပြဋ္ဌာန်း။ မြန်မာစာ မြန်မာစကား တခုတည်းကိုသာ ရုံးသုံး ဘာသာအဖြစ် ပြဋ္ဌာန်းထားသည့်နိုင်ငံဖြစ်သည်။ အဆိုပါ ဖတ်စာအုပ်ကို ပြည်နယ်နဲ့တိုင်းအကုန်လုံးကိုဖြန့်ရသည်။ အုပ်ရေ ၂ သိန်း ရိုက်ထုတ် ထားသည်။ အစိုးရကျောင်းတိုင်းမှာ ၄ တန်း ကျောင်းသားတိုင်းသင်နေရသည်။ ပြည်နယ်နဲ့တိုင်းအသီးသီးက ကျောင်းတွေမှာ တိုင်းရင်းသား ကလေးငယ်တွေ ပညာသင်ကြားနေကြသည်။ အဆိုပါ တိုင်းရင်းသား ကချင် ကရင် မွန် ရှမ်း ကယား ကလေးငယ်တွေ ရဲ့ နုနယ်တဲ့ ဦးနှောက်နဲ့အတွေးထဲမှာရော ဘယ်လိုတွေဖြစ်လာနိုင်မလဲ။ ကျနော်တို့ စဉ်းစားကြည့်ရအောင်ပါ။ အဆိုပါ သင်ရိုးညွှန်းတမ်းရဲ့ သင်ကြားချက်အရ

> "ဗမာတွေမကောင်းဘူး။ ငါတို့ လူမျိုးစုတွေကို သောင်းကျန်းသူတွေလို့သတ်မှတ်နေတယ်။ ငါတို့တွေနဲ့ ဗမာတွေနဲ့ဟာ ရန်သူတွေ။ တနေ့ကျရင် သူတို့ငါတို့ကို တိုက်ထုတ်လိမ့်မယ်။ လူနည်းစုဖြစ်တဲ့ ငါတို့ကို လူများစုဖြစ်တဲ့ ဗမာတွေက အနိုင်ကျင့်နေတာ။ ဗမာဆိုမုန်းတယ်။"

တိုင်းရင်းသားလူမျိုးစုံကလေးတွေရဲ့စိတ်ထဲမှာ ဗမာမုန်းတီးရေး စိတ်တွေ၊ လူမျိုးရေးအာဃာတတွေ ကိန်းအောင်းပေါက်ဖွားလာစေနိုင်သည်။ မဟာဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်ရင်း လူမျိုးစုအမျိုးသားရေးအလံ ထူကြလိမ့်မည်။ အကျိုးဆက်ကို ကျနော်တို့မြင်နေရသည်။ မဆုံးနိုင်တဲ့ …….

စစ်ပွဲတွေ …
အာဃာတတွေ …
လူမျိုးရေးမုန်းတီးမှုတွေ …..
အန္တရာယ်အငွေ့အသက်တွေ….. ….

ဒါတွေကို ကျောင်းစာသင်ခန်းတွေမှာ မျိုးစေ့ချပေးနေသည်။ ကျောင်းစာသင်ခန်းတွေမှာ သန္ဓေတည်ခိုင်းနေသည်။ အနာဂတ် နိုင်ငံတော်ကို မီးဟုန်းဟုန်းတောက်လောင်စေဖို့ မီးမွှေးပေးနေသည်။ အနာဂတ်နိုင်ငံသားတွေရဲ့ ဘဝက ရင်လေးဖွယ်ရာဖြစ်သည်။

ဒါတွေကို ဘယ်သူလုပ်နေတာလဲ။ အဖြေက ရှင်းနေသည်။ မုန်လာဥပါလို့ ပြောလို့မရ။
စစ်အစိုးရလုပ်နေတာဖြစ်သည်။ နအဖ စစ်ကောင်စီ ရည်ရွယ်ချက်ရှိရှိလုပ်နေတာဖြစ်သည်။
အင်မတန်ဆိုးညစ်သည့် နအဖ စစ်အုပ်စု၏ အကြံဖြစ်သည်။

"နအဖ သင်ရိုးညွှန်းတမ်းအန္တရာယ်" ကို သတိပြုကြဖို့လိုပါသည်။